တိုင်းရင်းသားလူမျိုးရေးရာ ဖွံ့ဖြိုးရေးနှင့် သုတေသနအသင်း
CENTRE FOR DEVELOPMENT AND ETHNIC STUDIES
3C5, Yankin Centre, Yankin Township. Yangon. Myanmar

# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ်
# အနှစ်ချုပ် (မူကြမ်း)

၁။ ဤသဘောတူစာချုပ်သည် တစ်နိုင်ငံလုံးအတိုင်းအတာဆောင်သော ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး အကောင်အထည်ဖော်မှုကို ဦးတည်၍ သဘောတူစာချုပ် ချုပ်ဆိုသော စာချုပ် ဖြစ်သည်နှင့်အညီ ပြည်ထောင်စုတစ်ဝန်းလုံးတွင် အကျိုးသက်ရောက်မှုရှိသည်။

၂။ ဤသဘောတူစာချုပ်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်း သား လက်နက်ကိုင် အဖွဲ့အစည်းများအကြား သဘောတူထားသော အခန်း (၇) ခန်းနှင့် အပိုဒ်ပေါင်း (၃၃) ပိုဒ် ပါရှိသည်။

၃။ ဤသဘောတူစာချုပ်သည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ် မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝ ရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေး ဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန် ရည်ရွယ်ပါသည်။

၄။ ထို့အပြင် နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းမည့် နိုင်ငံရေး ယဉ်ကျေးမှုအသစ်တစ်ရပ် ထူထောင်ပြီး တန်းတူရည်တူ အခွင့်အရေး ရရှိမည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး တည်ဆောက်ရန် သဘောတူကြသည်။ ထိုသို့ဆောင်ရွက်ရာတွင် တိုင်းရင်းသားများ၏ လိုလားချက်များနှင့် သဘောထားဆန္ဒများကို အခြေခံသည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဂင်သင့်သူအားလုံး ပါဂင်သွားရန် သဘောတူ ကြသည်။
၅။ အပစ်အခတ် ရပ်စဲရေးကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော်နိုင်ရန် နှစ်ဖက် လိုက်နာ ရမည့် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်သူလူထုကို အကာအကွယ်ပေးရေးအတွက် လိုအပ်သည့် အချက်များကိုလည်း စာချုပ်တွင် အသေးစိတ် ဖော်ပြထားသည်။ ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအတွက် လူသားချင်း စာနာမှုဆိုင်ရာ အကူအညီများပေးနိုင်ရေးကို နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရန် သဘောတူကြ ပါသည်။

၆။ သဘောတူညီထားသော စစ်ဘက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို ထိထိရောက်ရောက် လိုက်နာမှုရှိစေရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီကို ဖွဲ့စည်းပြီး စောင့်ကြည့်ကြီးကြပ်ရေးလုပ်ငန်းများကို တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုတို့ဖြင့် အကောင်အထည် ဖော်သွားမည် ဖြစ်ပါသည်။

၇။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်ခုလုံးကို အကောင်အထည် ဖော်နိုင်ရေးအတွက် နိုင်ငံရေး လမ်းပြမြေပုံတစ်ခုကိုလည်း သဘောတူညီခဲ့ကြပါသည်။ ပါဝင်သင့် ပါဝင်ထိုက်သူ အားလုံး ပါဝင်မည့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲ ကော်မတီကို ဖွဲ့စည်း၍ အကောင်အထည်ဖော်မည် ဖြစ်ပါသည်။ ထိုပူးတွဲ ကော်မတီက နိုင်ငံရေး ဆွေးနွေးပွဲ မူဘောင်ရေးဆွဲ၍ နိုင်ငံရေးဆွေးနွေးပွဲ အဆင့်ဆင့်ကို အကောင်အထည်ဖော်သွားမည် ဖြစ်ပါသည်။

၈။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ယုံကြည်မှု တည်ဆောက်နိုင်စေရန် အလို့ငှာ မတရား အသင်းအဖြစ် ကြေညာထားသောအဖွဲ့အစည်းများကို မတရားအသင်းစာရင်းမှ ပယ်ဖျက် ရန် သဘောတူညီခဲ့သည့်အလျောက် ဤစာချုပ်တွင် လက်မှတ်ရေးထိုးသော အဖွဲ့အစည်း များကို အစိုးရက မတရားအသင်းအဖြစ်မှ ပယ်ဖျက်ခဲ့ပါသည်။

၉။ ထို့အပြင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း များသည် မိမိတို့နှင့်သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့ အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူ နေကြသော အဖွဲ့အစည်းများ ဖြစ်ကြသည့်အားလျော်စွာ အပစ်အခတ် ရပ်စဲထားပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ကျင်းပ အကောင်အထည်ဖော်နေသည့် ကာလအတွင်း ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး၊ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ် ဆေးဝါး တိုက်ဖျက်ရေး လုပ်ငန်းများအတွက် နှစ်ဖက်မှ ပူးပေါင်းဆောင်ရွက်ရန် သဘော တူညီခဲ့ကြပါသည်။

၁၀။ ဤစာချုပ်သည် နိုင်ငံတော် အကြီးအကဲများနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများ၏ ခေါင်းဆောင်များက လက်မှတ်ရေးထိုးပြီးသည့်အချိန်မှ စတင်၍ အသက်ဝင်မည် ဖြစ်ပြီး ရေရှည် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဖော်ဆောင်မည့် ပြည်ထောင်စု မြန်မာ နိုင်ငံ၏ သမိုင်းဝင် သဘောတူစာချုပ် ဖြစ်ပါသည်။

* * * * *